အာအက်ဖ်အေ

၂၄–၀၁–၂၀၀၄ (မနက်က်ပိုင်း)

## အန်အယ်လ်ဒီပါတီ ဒုဥက္ကဋ္ဌဦးတင်ဦး အစားတော်ခံဆန္ဒပြမှုနှင့်ပတ်သက်ပြီး ဆက်သွယ်မေးမြန်းထားချက်။

မြန်မာနအဖအစိုးရက ဒီပဲယင်းအရေးအခင်းအပြီး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသူတွေအနက်က (၁၅၁)ဦးကို ပြန်လွှတ်ပေး လိုက်ပြီ ဖြစ်ကြောင်းနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အန်အယ်လ်ဒီပါတီက ထောင်ကျခံနေရသူ ဒုဥက္ကဋ္ဌဟာ ကျန်းမာရေး ချို့တဲ့နေတယ်ဆိုတာ မဟုတ်မှန်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနက သောကြာနေ့မှာ ထုတ်ပြန်ကြေညာလိုက်ပါတယ်။ အန်အယ်လ်ဒီပါတီ အဖွဲ့ချုပ်ဝင် (၂၆)ဦးအပါအဝင် လူပေါင်း (၁၅၁) ဦးကို ပြန်လွှတ်ပေးပြီးဖြစ်ကြောင်း ဖော်ပြထားတဲ့ အဲဒီထုတ်ပြန်ချက်ကို မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံခြားသံရုံးတွေကို ပေးပို့ခဲ့တယ်လို့ သိရပါတယ်။ ဒါပေမယ့် အန်အယ်လ်ဒီ ပါတီ ဒုဥက္ကဋ္ဌဖြစ်သူ အသက် (၇၇)နှစ်ရှိပြီဖြစ်တဲ့ ဦးတင်ဦးဟာ မြန်မာနိုင်ငံမြောက်ပိုင်း ကလေးမြို့အကျဉ်းထောင်ထဲမှာ ကျန်းမာရေးဆိုးရွားနေတဲ့အတွက် မိသားစုက အလွန်စိုးရိမ်ပူပန်နေကြောင်း၊ မကြာခင်ရက်ပိုင်းက အေပီသတင်းဌာနကို ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကလေးမြို့နယ်အမှတ် (၁)မှ အန်အယ်လ်ဒီပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒိုထောင်းက အခုလိုပြောပြပါတယ်။

**ဖြေ။** ။ အဲဒါက (၁၈)နေ့က စတယ်။ အစာငတ်ခံဆန္ဒပြတာ။ သူတို့ ထမင်းကျွေးတာကို မစားတော့ဘူးတဲ့။ အစာငတ်ခံဆန္ဒပြတယ်တဲ့။

ဒုဥက္ကဋ္ဌ ဦးတင်ဦးရဲ့ အခြေအနေနဲ့ပတ်သက်ပြီး နအဖအစိုးရရဲ့ တရားဝင်သတင်းထုတ်ပြန်ချက်မှာတော့ တာဝန်ရှိသူတွေက ဦးတင်ဦးကို ဇန်နဝါရီလ (၂၂)ရက်နေ့ ညနေ (၅)နာရီမှာ သွားရောက်တွေ့ဆုံရာမှာ ဦးတင်ဦးဟာ ကျန်းမာရေးကောင်းမွန် ပြီး၊ အစားအသောက် ပုံမှန်စားသောက်လျက်ရှိနေကြောင်း၊ ဦးတင်ဦးကို အကျဉ်းထောင်ဆရာဝန် ဒေါက်တာမြတ်နိုင်က နေ့စဉ်စစ်ဆေးပေးနေကြောင်း၊ ဇန်နဝါရီလ (၁၆) ရက်နေ့က ကလေးမြို့အကျဉ်းထောင်က ပြန်လွှတ်လာတဲ့ ခင်ဦးမြို့နယ် အန်အယ်လ်ဒီဥက္ကဋ္ဌ ဒေါက်တာဝင်းအောင်ရဲ့ ပြောဆိုမှုကို အခြေခံပြီး အန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင် အဖွဲ့က ဦးတင်ဦးနဲ့ပတ်သက်တဲ့သတင်းကို စုံစမ်းစစ်ဆေးမှုမရှိဘဲ ထုတ်လွှင့်ခဲ့ကြောင်း ဖော်ပြထားပါတယ်။ ဦးတင်ဦးနဲ့ ဆွေမျိုးတော်စပ်သူတစ်ယောက်ကတော့ အာအက်ဖ်အေကို အခုလို ပြောပြပါတယ်။

**ဖြေ။** ။ မိတ်ဆွေတွေပြောနေတာကတော့ အန်ကယ်လ်က အစာငတ်ခံတာတော့ မဟုတ်ဘူးပေါ့ဗျာ။ ဂျေလာတွေ ပေးတဲ့အစာကိုတော့ မစားဘူး။ သူ့ရှိတဲ့အစာကို သူစားတယ်။ အဲဒီ သဘောတရား။ နောက် ရက်ခရော့စ်ကတဆင့် အဲဒီဂျေလာကို ဖုန်းဆက်ပြီး သူ့ကို မေးကြည့်တော့ အဘက ဟိုဘက်က မှန်တယ်၊ မမှန်တယ်တော့ မပြောတတ်ဘူးဗျာ။ အန်ကယ်လ်နေကောင်းပါတယ်လို့ သူတို့က ပြောတာပဲ။ အခုလိုပေါ့ အပြင်ကပေးတဲ့အစာ၊ ဂျေလာတွေ၊ ဘာတွေပေးတဲ့ အစာတော့ မစားဘူးဆိုတဲ့ သဘောတရားကိုတော့ ကြားတယ်ဗျာ။ ဘယ်လောက်ထိ အတိအကျကြီး မှန်တယ်၊ မမှန်ဘူး ဆိုတာတော့ ကျွန်တော်တို့ ပြောရခက်တယ်ပေါ့။

ဦးတင်ဦးရဲ့ ဆွေမျိုးသားချင်းတစ်ဦးက အာအက်ဖ်အေကို ပြောပြခဲ့တာဖြစ်ပါတယ်ရှင်။